# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 25, 2019 Volume 20, Number 17


| ၂၅.၆.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၅/ကျပ် |
| CBM Rate | = ၁၅၁၅.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၄.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.org

myantradetir2016@gmail.com


## ရှမ်းပြည်နယ်အစိုးရ ပြောင်းသီးနှံကို တန်ဖိုးမြှင့်ကုန်စည်ပြုလုပ်ရန်စီစဉ်



တရုတ်နိုင်ငံက ပြောင်းသီးနှံကို အကန့်အသတ်နဲ့ပဲ ဝယ်ယူတဲ့နေတဲ့အတွက် အခက်အခဲတွေဖြစ်ပေါ်နေတယ်လို့ ရှမ်းပြည်နယ်က ပြောင်းစိုက်တောင်သူတွေက ပြောပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ ပြောင်းကို တန်ဖိုးမြှင့်ကုန်စည်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်သစ်ရရှိအောင် ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်နေတယ်လို့ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်က ပြောပါတယ်။ ပြောင်းကို တန်ဖိုးမြှင့်ထုတ်ဖို့ စီစဉ်တာဟာ တရုတ်နိုင်ငံက ပြောင်းသီးနံကို မူဝါဒပြောင်းလဲပြီး ဝယ်ယူမှုမရှိခဲ့ရင် တောင်သူတွေ အခက်အခဲ မဖြစ်အောင် ဈေးကွက်အသစ်အတွက် Master Plan ဆွဲနေတာလို့ဆိုပါတယ်။ လက်ရှိ ရှမ်းပြည်နယ်အစိုးရက ပြောင်းကိုစနစ်တကျတိုးစိုက်နိုင်ဖို့နဲ့ ပြောင်းကို အစာတောင့်ပုံစံထုတ်လုပ်ပြီး ဈေးကွက်တိုးချဲ့ပေးနိုင်ဖို့ ဆောင်ရွက်နေတယ်လို့ ဦးစိုးညွှန့်လွင်ကပြောပါတယ်။

လက်ရှိပြောင်းတွေကို တရုတ်နိုင်ငံက (၂၀၁၉)ခုနှစ် ဖေဖော်ဝါရီလကစပြီး ဝယ်ယူမှု မရှိတာကြောင့် တောင်သူတွေ အရှုံးပေါ်ခဲ့တယ်လို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့ နှစ်က ရှမ်းပြည်နယ်အတွင်းမှာ ပြောင်းသီးနှံဟာ ဈေးကောင်းရခဲ့လို့ တောင်သူ တွေဟာ တိုးချဲ့စိုက်ပျိုးခဲ့ပေမယ့် အခုနှစ်မှာတော့ တရုတ်နိုင်ငံဘက်က တင်ပို့ခွင့် တင်းကြပ်ပိတ်ပင်ခဲ့လို့ တောင်သူတွေ အခက်အခဲ တွေ့ရတာလို့ ဆိုပါတယ်။

**Source:** One News Myanmar

https://www.facebook.com/kope.aung

## စင်ကာပူနိုင်ငံကဲ့သို့ အချက်အချာကျသော ငွေကြေးစင်တာဖြစ်လာရန် ဟောင်ကောင်အနေဖြင့် ပင်လယ်ကွေ့ဒေသအား အထိရောက်ဆုံးအသုံးချ၍ အကျိုးရှိအောင်ဆောင်ရွက်ခြင်း

၂၀၁၉ ခုနှစ်၊ ဖွန်လ ၂၀ ရက်နေ့တွင် ထုတ်ဝေသော China Daily, Hong Kong သတင်းစာတွင် Hong Kong Publicy Listed Company ၌ စီးပွားရေးလေ့လာဆန်းစစ်သူအဖြစ် လုပ်ကိုင်သည့် Mr.Oriol Caudevilla က ရေးသားဖော်ပြထားသည့် စင်ကာပူနိုင်ငံကဲ့သို့ အချက်အချာကျသော ငွေကြေးစင်တာဖြစ်လာရန် ဟောင်ကောင် အနေဖြင့် ပင်လယ်ကွေ့ဒေသအား အထိရောက်ဆုံးအသုံးချ၍ အကျိုးရှိအောင်ဆောင်ရွက်သင့်ခြင်း သတင်းအား တင်ပြအပ်ပါသည်။

အဆိုပါ အတင်းစာဖော်ပြချက်တွင် ဟောင်ကောင်ဒေသခံများအနေဖြင့် ဟောင်ကောင်ဒေသအား စင်ကာပူ နိုင်ငံနှင့် နှိုင်းယှဉ်ဖော်ပြမှုမှာ အလေ့အထတစ်ခုကဲ့သို့ ဖြစ်နေသော်လည်း စင်ကာပူနိုင်ငံအား စံပြတစ်ခုအဖြစ် သတ်မှတ်ထားခြင်းမှာ မှားယွင်းနေကြောင်း ဟောင်ကောင်လူမျိုးများသိရှိလာကြောင်း၊ ဟောင်ကောင်ဒေသနှင့် စင်ကာပူနိုင်ငံအနေဖြင့် ဧရိယာအရွယ်အစား၊ လူဦးရေ၊ ကုန်သွယ်ရေး၊ ငွေကြေးဝန်ဆောင်မှုနှင့် စီးပွားရေး တည်ဆောက်ပုံ အပိုင်းတွင် တူညီမှုများစွာ ရှိနေပါကြောင်း၊ ဟောင်ကောင်ဒေသအနေဖြင့် ပို့ဆောင်ဆက်သွယ်ရေး၊ အစိုးရမှ ပိတ်ပင်တားဆီးမှု အနည်းဆုံး ဖြစ်ခြင်းတို့တွင် ကောင်းမွန်ပြီး Global Liveable Citiea Index ၌ အဆင့်မြင့်လျက်ရှိသော်လည်း လူနေအိမ်ခန်းနှင့် ငွေကြေးနည်းပညာပိုင်းတွင် စင်ကာပူနိုင်ငံအနေဖြင့် ပိုမို ကောင်းမွန်လျက်ရှိကြောင်း၊ သို့သော်ဟောင်ကောင်ဒေသနှင့် စင်ကာပူနိုင်ငံအကြား သိသာထင်ရှားသော ကွဲပြားခြားနားချက်များရှိပါကြောင်း၊ စင်ကာပူနိုင်ငံသည် လွတ်လပ်သောနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ခေါင်းဆောင်အနေဖြင့် မူဝါဒများ ကိုယ်တိုင်ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်သော်လည်း ဟောင်ကောင်ဒေသအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်နိုင်ငံ၊ စနစ်နှစ်မျိုးမူဝါဒ( one country, two systems) ကြောင့် ကိုင်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် အနေအထားတွင်ရှိပြီး ဗဟိုအစိုးရနှင့် ရှုပ်ထွေးသော ဆက်နွယ်မှုများရှိပြီး ထည့်သွင်းစဉ်းစား ရသည့် ကိစ္စရပ်များစွာရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော် ဟောင်ကောင်ဒေသအနေဖြင့် အုပ်ချုပ်ရေး အပိုင်းတွင် ဆိုးဝါးမှုရှိနေသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ကွဲပြားခြားနားမှုရှိနေသည်ကိုသာ ဆိုလိုခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသနှင့် စင်ကာပူနိုင်ငံအနေဖြင့် နည်းပညာပိုင်းနှင့်ငွေကြေးနည်းပညာပိုင်းတွင် ကဏ္ဍအသစ်အဖြစ် အတူတူ ဝင်ရောက်လျှက်ရှိပြီး လုပ်ငန်းများတွင် ပါဝင်သူများနှင့် လေ့လာမှုများအရ စင်ကာပူနိုင်ငံသည် နည်းပညာ တီထွင်ဖန်တီးမှု တွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာကြောင်း၊ စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေသည့် လုပ်ငန်း ၁၀၀၀၀ နှင့် စီးပွားရေးမိတ်ဖက်ကုမ္ပဏီ ၃၀၀ ကျော် ပါဝင်သည့် အမေရိကန် ပြည်ထောင်စုအခြေခံ Genome Project ၌ ၂၀၁၈ ခုနှစ်က ထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံသည် Silicon Valley အဖြစ် လုပ်ကိုင်ရန် တည်နေရာ အနေအထားတွင် ကမ္ဘာ့နံပါတ်(၁) နေရာ၌ရှိပါကြောင်း၊ ငွေကြေးနည်းပညာကုမ္ပဏီများ ရင်းနှီး မြှုပ်နှံမှုသည် စင်ကာပူနိုင်ငံ၌ ၂၀၁၇ ခုနှစ် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၈၀ သန်းမှ ၂၀၁၈ ခုနှစ်တွင် နှစ်ဆကျော် ဒေါ်လာ ၃၆၅ သန်းအထိ မြင့်တက်လာပါကြောင်း၊ အာရှပစိဖိတ်ဒေသတွင် ဩစတြေးလျ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံပြီးလျှင် စင်ကာပူနိုင်ငံဖြစ်ပြီး ငွေကြေးနည်းပညာ ဈေးကွက်တွင် ထိပ်ဆုံး (၅) နိုင်ငံတွင် ပါဝင်နေပါကြောင်း၊ ယမန်နှစ်က စင်ကာပူနိုင်ငံ၌ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ရာခိုင်နှုန်းမှာ ငွေကြေးနည်းပညာကုမ္ပဏီများအတွက် ချေးပေးခြင်းဖြစ်ကြောင်း၊ ငွေပေးချေမှုအတွက် ၂၆ ရာခိုင်နှုန်းနှင့် အာမခံ နည်းပညာများအတွက် ၂၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားပါကြောင်း၊ ဟောင်ကောင် ဒေသအနေဖြင့် ကောင်းမွန်စွာ လုပ်ဆောင်လျှက်ရှိသော်လည်း စင်ကာပူနိုင်ငံကဲ့သို့ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ ထိုကဲ့သို့ဖြစ်ရခြင်းမှာ စင်ကာပူ သည်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ဆောင်ရွက်နေနိုင်ခြင်းဖြစ်ပြီး ဟောင်ကောင်ကဲ့သို့ ဒေသတစ်ခုအနေဖြင့် ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့် မိမိအကျိုးစီးပွားအတွက်သာ မိမိဆောင်ရွက်ရသည် ဖြစ်သော်လည်း ဟောင်ကောင်ဒေသအနေဖြင့် မိမိအကျိုးစီးပွားအတွက်သာမက တရုတ်ပြည်မကြီးနှင့် လိုက်လျောညီထွေရှိအောင်လည်း ဆောင်ရွက်ရပါကြောင်း၊ စင်ကာပူနိုင်ငံသည် ရိုးရှင်းသောဥပဒေ စည်းမျဉ်း စည်းကမ်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ဟောင်ကောင်ဒေသအနေဖြင့် ဥပဒေ စည်းမျဉ်းစည်းကမ်းများအား အဆင့်အလွှာ ပေါင်းများစွာဖြင့် လုပ်ဆောင် နေရပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးမျိုးသော ဥပဒေများအား ရှောင်ရှားနိုင်ရန်အတွက် စင်ကာပူနိုင်ငံသည် ပိုမိုဆွဲဆောင်မှုရှိလာပါကြောင်း၊ ၂၀၁၇ ခုနှစ် ငွေကြေးရန်ပုံငွေ တွင်လည်း စင်ကာပူနိုင်ငံ၌ ဒေါ်လာ ၉၈၃.၆ သန်း ရှိပြီး ဟောင်ကောင် ဒေသ၌ ဒေါ်လာ ၅၉၆.၈ သန်းရှိပြီး စင်ကာပူ ငွေကြေးနည်းပညာကုမ္ပဏီများသည် ဟောင်ကောင်ဒေသထက်

သာလွန်လျှက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင် Deloitte ၏စစ်တမ်း အား လေ့လာရာတွင် နယူးယောက် Silicon Valley ပြီးလျှင် လန်ဒန်နှင့် စင်ကာပူနိုင်ငံသည် အအောင်မြင်ဆုံးသော ငွေကြေးနည်းပညာ အချက်အချာကျသည့်ဒေသဖြစ်သည်ကို လေ့လာတွေ့ရှိခဲ့ကြောင်း၊ ဟောင်ကောင်အနေဖြင့် အဆင့်(၆)တွင် တည်ရှိပါကြောင်း၊ သို့သော် ဟောင်ကောင်အနေဖြင့် ငွေကြေး နည်းပညာပိုင်း အချက်အချာကျသောဒေသဖြစ်ရန် မိမိဘာသာ ဆောင်ရွက်လျက်ရှိသောကြောင့် ယခုလက်ရှိ အခြေအနေသည် ပြောင်းလဲနိုင်ချေရှိပါကြောင်း၊ မတ်လက ဟောင်ကောင်ငွေကြေးအာဏာပိုင်မှ ပထမဆုံး ဘဏ်လိုင်စင် အာမခံများအား ကြေညာခဲ့ပါကြောင်း၊ ပို၍အရေးကြီးသောအချက်မှာ ဟောင်ကောင်ဒေသ အနေဖြင့် ကွမ်တုံး-ဟောင်ကောင်-မကာအို မဟာပင်လယ်ကွေ့ဒေသစီမံကိန်းတွင်ပါဝင်မှုဖြင့် ငွေကြေးနည်းပညာ လုပ်ငန်းတွင် ပိုမိုလျှင်မြန်စွာ ဖွံ့ဖြိုးနိုင်မည့် အလားအလာများရှိနေပါကြောင်း၊ ရှန်းကျန့်အား ဟောင်ကောင်ဒေသ၏ အကျိုးအမြတ်အဖြစ် အသုံးပြုသင့်ပါကြောင်း၊ မဟာပင်လယ်ကွေ့ဒေသ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဟောင်ကောင်သည် အမေရိကန်နိုင်ငံရှိ နယူးယောက်မြို့ကဲ့သို့ ငွေကြေးပိုင်းကျွမ်းကျင်ပညာရှင်များ ရှိမည့်ဒေသ ဖြစ်လာနိုင်ပါကြောင်း၊ အလားတူစွာ အမေရိကန်နိုင်ငံရှိ Silicon Valley ကဲ့သို့ ရှန်းကျန့်မြို့တွင် နည်းပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှုများ ရှိလာမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံရှိ နယူးယောက်မြို့နှင့် Silicon Valley မှာ မိုင်ပေါင်းထောင်ချီ ဝေးကွာလျှက်ရှိသော်လည်း ဟောင်ကောင်ဒေသနှင့် ရှန်းကျန့်မြို့သည် နီးကပ်စွာ တည်ရှိလျှက်ရှိသောကြောင့် အကျိုးသက်ရောက်မှုပိုမိုများပြားမည်ဖြစ်ပါကြောင်း၊ ရှန်းကျန့်နှင့် မဟာပင်လယ်ကွေ့ ဒေသရှိ အခြားမြို့များက ပူးပေါင်းပံ့ပိုးပေးလျှင် စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်အထူး အုပ်ချုပ်ရေး ဒေသအကြား ငွေကြေးနည်းပညာပိုင်း ဆောင်ရွက်မှု ကွာဟချက်နည်းပါးသွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှုး၊ မြန်မာသံရုံး-ဟောင်ကောင်**

## ငရုတ်အစို တစ်ပိဿာလျှင် ၈၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်နေ

တရုတ်နှင့် ထိုင်းနိုင်ငံတို့၏ ဝယ်လိုအားများပြားမှုကြောင့် မြန်မာငရုတ်အစိုများ ဈေးနှုန်းမြင့်တက်နေကြောင်း စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ အစို မိုးထောင်ငရုတ်သီး သာမိုနဲ့ ဒီမိုဆိုပြီးနှစ်မျိုးရှိတယ်။ အဲဒါတွေကို အစိမ်းအတိုင်းဝယ်တာ။ ကျွန်တော်တို့ အအေးခန်းကားတွေနဲ့ပို့နေတယ်။ တကယ်လို့ အစိုတစ်ပိဿာကိုလှန်းမယ်ဆိုရင် ကျပ် ၂၄၀၀၀၊ ၂၅၀၀၀ လောက်ကျမယ်။ ဘာလို့လဲဆိုရင် သူက ၄ ချိုး ၁ ချိုးပဲထွက်တယ်။ အခုက အစိုအတိုင်းပဲ သွားနေတဲ့အတွက် အခြောက်ကိုမရှိဘူး။ မရှိတော့ အိန္ဒိယကဝင်တာရှိတယ်၊ တချို့လည်း ဗီယက်နမ်က ဝင်တာရှိတယ်။ ပြီးခဲ့တဲ့နှစ်က လက်ကျန်တွေရှိတယ်။ အဲဒါတွေ ရောင်းနေကြတယ်။ ဒီရက်ပိုင်းမှာ ဈေးကအတော်တက်သွားတယ်ဟု ၎င်းကပြောသည်။

ယခင်က ငရုတ်အစိုတစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်း ဈေးရရှိခဲ့သော်လည်း လက်ရှိတွင် ငရုတ်အစို တစ်ပိဿာလျှင် ၈၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်နေသည်ဟုဆိုသည်။ လက်ရှိတွင် ပြည်တွင်း၌ ငရုတ်အစို ရှားပါး နေသောကြောင့် စားသုံးသူများ နစ်နာမှုမရှိစေရန်အတွက် နယ်စပ်မှတရားဝင်တင်သွင်းခွင့်ပြုရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြထားကြောင်း ၎င်းကဆက်လက်ပြောသည်။ သူတို့ဘက်ကလည်း FDA ထောက်ခံချက်ပေးဖို့၊ အသင်းကို ဒါကိုသွင်းခွင့်ပြုဖို့ ထောက်ခံချက်တောင်းတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ဆုံးဖြတ်ပြီးပေးလို့ မရဘူး။ နိုင်ငံတော်အနေနဲ့ပဲ လုပ်လို့ရမယ်။ အဲဒါလေးကိုတော့ အကြံပေးထားတယ်။ သူတို့ ဒီရက်ပိုင်းမှာပဲ ကျောက်ဆည်မှာ အစည်းအဝေးလုပ်မယ်ဆိုတော့ အစည်းအဝေးလုပ်ပြီး သူတို့တင်ပြပြီးရင်တော့ သွင်းခွင့်ပြု သင့်တယ်ဆိုရင် သူတို့ခွင့်ပြုမှာပေါ့။ တကယ်လို့ခွင့်ပြုလိုက်ပြီဆိုရင်တော့ ထိုက်သလောက်တော့ ဈေးနည်းနည်း လျော့သွား မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ မကြာခင်မှာ ငရုတ်သီးဈေးက တစ်သောင်းအထက်နားမှာ ရောက်သွား လိမ့်မယ်ဟု ၎င်းကပြောသည်။ မိုးထောင်ငရုတ်သီးဈေးနှုန်းသည် ယခင်က တစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်ရှိရာမှ ယခုအခါ ကျပ် ၆၀၀၀ ခန့်အထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။

ငရုတ်အစိုများကို ပြည်ပသို့တင်ပို့ရာတွင် အစိမ်းအတိုင်းဖြင့်သာ တိုက်ရိုက်အအေးခန်းအတွင်း ထည့်သွင်း သိုလှောင် ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ငရုတ်အစိုများကို တရုတ်နိုင်ငံအနေဖြင့် ယခင်က ဝယ်ယူမှု နည်းပါးခဲ့ သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင်၍ ပိုမိုဝယ်ယူလာခြင်းဖြစ်ကြောင်းသိရသည်။ ဘုရင့်နောင် ကုန်စည်ဒိုင်သို့ လက်ရှိတွင် မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဂါးခယ်မ၊ ရွှေလောင်းစသည့် ဒေသ များမှထွက်ရှိသည့် ငရုတ်များဝင်ရောက်နေပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှထွက်ရှိသော ငရုတ်များသည်လည်း ဈေးကွက်အတွင်း မကြာမီဝင်ရောက်လာတော့မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2290692881016195?__tn__=K-R

## ဝါးနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်နိုင်ရေး လုပ်ငန်းရှင်များနှင့် လက်မှုပညာသင်ကျောင်း များစွာ လိုအပ်လျက်ရှိ



ဝါးဖြင့်ပြုလုပ်သော တန်ဖိုးမြင့်ထုတ်ကုန် ပစ္စည်းများ တွင်တွင်ကျယ်ကျယ်ထုတ်လုပ်နိုင်ရန်အတွက် ဝါးလုပ်ငန်းကို စိတ်ဝင်စားသည့် လုပ်ငန်းရှင် အများအပြားလိုအပ်နေကြောင်း သိရသည်။

ဝါးဖြင့်ပြုလုပ်သော ပရိဘောဂများသည် ပေါ့ပါးခိုင်ခံ့သည့်အပြင် နိုင်ငံခြားဧည့်သည်များပင် စိတ်ဝင်စားမှုများလာကြောင်း၊ တန်ဖိုးနည်းပစ္စည်းများမှာ ကျပ် ၅၀၀ မှ ၁၀,၀၀၀ ဝန်းကျင်ရှိပြီး တန်ဖိုးမြင့်ပစ္စည်းဈေးနှုန်းများမှာ ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်းအထိရှိကြောင်း ကယားပြည်နယ်လွိုင်ကော်မြို့ရှိ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်ဦးအောင်တေဇာဖြိုးက ပြောဆိုသည်။

အစိုးရ၏ အားပေးကူညီမှုမရသေးသော် လည်း ကိုယ်ပိုင်ငွေလေးဖြင့် တစ်နိုင်တစ်ပိုင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ သင်တန်းကျောင်းများမတက်ဖူးကြောင်း၊ ဝါသနာအရ အွန်လိုင်းကနေလေ့လာရင်း သုံးနှစ်အကြာတွင် ပညာရှင်အဆင့်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ပွေးလှမြို့များတွင် အင်န်ဂျီအိုအဖွဲ့များ၏ ကူညီပံ့ပိုးမှုများဖြင့် သင်တန်းများပို့ချပေးခဲ့ဖူးကြောင်း၊ စိတ်ဝင်တစား သင်ယူလိုသူများပြားကြောင်း ဦးအောင်တေဇာဖြိုးက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုခဲ့သည်။

ဝါးကိုတန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်ရန် အခက်အခဲများစွာရှိကြောင်း၊ ဝါးကိုနည်းပညာနှင့်ပေါင်းစပ်ပြီး အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သော်လည်း ငွေအရင်းအနှီး၊ ဒီဇိုင်းအသစ်ထီထွင်နိုင်ရန် နည်းပညာနှင့် အလုပ်သမား ရှားပါးမှုများက စိန်ခေါ်မှုဖြစ်နေကြောင်း၊ မြန်မာ့ဝါးလုပ်ငန်းနှင့်ပတ်သက်သော လက်မှုပညာသင်ကျောင်းများစွာလိုအပ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် သစ်အစားထိုးဝါးဖြင့်ပြုလုပ်သည့် ပရိဘောဂများအပြင် စားသောက်ဆိုင်နှင့် ဘန်ဂလိုများကိုပါ ဆောက်လုပ်နေကြကြောင်း ဒေသခံဒေါ်ဖြူဖြူ စိုးကပြောဆိုခဲ့သည်။

**Source:** မြန်မာတိုင်းမ်နေ့စဉ်

https://myanmar.mmtimes.com/news/124821.html?fbclid=IwAR1w2gAS-y2vUr9Ea-bZBWbax4BajAJTR_MHcb2mXnmr-Jk1xvOHE605CQg

## အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေးပေါင်းစည်းမှု နှစ်ဆတိုးကြိုးစားသင့်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြား



အာဆီယံနိုင်ငံများအနေဖြင့် စုစုပေါင်း ကုန်သွယ်မှု၏ ရာခိုင်နှုန်း ၇၀ ကို အာဆီယံပြင်ပဈေးကွက်အား အဓိက မှီခိုနေရခြင်းကြောင့် စီးပွားရေးအင်အားကြီး နိုင်ငံများအကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှု၊ စိန်ခေါ်မှုကိုရှောင်လွှဲပြီး စီးပွားရေးကြံ့ခိုင်မှုရှိရန် အာဆီယံဒေသတွင်း ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို နှစ်ဆတိုးကြိုးစားသင့်သည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ထိုင်းနိုင်ငံ၌ ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၃၄) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

ဒေါ်အောင်ဆန်းစုကြည်ပြောကြားရာတွင် အာဆီယံနိုင်ငံများအနေဖြင့် စုစုပေါင်းကုန်သွယ်မှု၏ ရာခိုင်နှုန်း ၇၀ ကို အာဆီယံပြင်ပဈေးကွက်အား အဓိကမှီခိုနေရသည်ဖြစ်ရာ စီးပွားရေးအင်အားကြီးနိုင်ငံများအကြား ကုန်သွယ် ရေးဆိုင်ရာ တင်းမာမှုများ အရှိန်မြင့်လျက်ရှိခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ စီးပွားရေးအရကြံ့ခိုင်မှုရှိနိုင်ရန် အာဆီယံအနေဖြင့် အာဆီယံဒေသတွင်း ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်လျက် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို

နှစ်ဆ တိုးကြိုးပမ်းသင့်ကြောင်း၊ နိုင်ငံစုံပါဝင်သည့် ကမ္ဘာ့ကုန်သွယ်မှုစနစ်သည် ဖိအားများစွာကြုံတွေ့နေရသော ယနေ့ကာလတွင် အာဆီယံ အနေဖြင့် မိမိတို့၏မိတ်ဖက်များနှင့်အတူ ညှိနှိုင်းလျက်ရှိသည့် ဒေသတွင်းဘက်စုံစီးပွားမိတ်ဖက်ဆောင်ရွက်မှု (Regional Comprehensive Economic Partnership -RCEP ကို အပြီးသတ် ညှိနှိုင်းနိုင်ရေး ကြိုးပမ်းမှုများသည် ကမ္ဘာ့ကုန်သွယ်ရေးပြဿနာအတွက် ဒေသတွင်း အဖြေတစ်ရပ်ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ထည့်သွင်းပြောကြားသည်။

အာဆီယံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် နိုင်ငံတကာနှင့် ဒေသတွင်းအခြေအနေများအရ အာဆီယံဒေသတွင်း ပေါင်းစည်းမှုမြှင့်တင်ရန် အရေးကြီးသည်ဖြစ်ရာ ဒေသတွင်း ဖွံ့ဖြိုးမှုကွာဟချက် ဆက်လက်ရှိနေခြင်းသည် အသိုက်အဝန်း ထူထောင်မှုအောင်မြင်ရေးအတွက် အရေးကြီးသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ အာဆီယံပေါင်းစည်းရေးအစီ အစဉ်၏ လုပ်ငန်းစဉ်ကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေးအတွက် အာဆီယံအနေဖြင့် ပိုမိုအားထုတ်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် လက်ရှိ IAI work plan (III) သည် လာမည့်နှစ်တွင် သက်တမ်းကုန်ဆုံးတော့ မည်ဖြစ်ရာ လုပ်ငန်းစဉ်အသစ်ရေးဆွဲရာ၌ ဖွံ့ဖြိုးမှုကွာဟချက်ကို ပိုမိုထိရောက်စွာလျှော့ချနိုင်မည့် ဗျူဟာမြောက်ကဏ္ဍသစ်များ ဖော် ထုတ်ဆောင်ရွက်သွားသင့်ကြောင်းနှင့် လက်ရှိလုပ်ငန်းစဉ်ပါ စီမံချက်များသည့်ဖွံ့ဖြိုးပြီး အာဆီယံခြောက်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံများ၏ အရင်းအမြစ်များအပေါ်များစွာမှီခိုနေရသည့်ဖြစ်ရာ စီမံချက်များစဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပါဝင်နိုင်ရေး ကြံဆသွားသင့်ကြောင်း ဒေါ်အောင် ဆန်းစုကြည်ကပြောကြားခဲ့သည်။

**Source:** မြန်မာတိုင်းမ်နေ့စဉ်

https://myanmar.mmtimes.com/news/124798.html

## ပြည်ပဝယ်လိုအားကြောင့် စမုန်နက်နှမ်းဈေးမြင့်



မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် စမုန်နက်နှမ်းပြည်ပဝယ်လက်မှ ဝယ်ယူ သောကြောင့် ဈေးမြောက်နေကြောင်း နှမ်း ဈေးကွက်မှ သိရသည်။

သမန္တင်ကျေးရွာနေ စမုန်နက်နှမ်းစိုက်တောင်သူ ဦးအောင်ဌေးက"ကျွန်တော်တို့ရေသွင်းစိုက်တဲ့ စမုန်နက်နှမ်းတွေ ရိတ်သိမ်းနေကြပါပြီ၊ အရည်အသွေးကောင်းတဲ့ အပြင် နေခြောက် မိုးခြောက်ဖြစ်တဲ့အတွက် စမုန်နက် နှမ်းတစ်တင်း ကျပ် ၈၀,၀၀၀ ပေါက်ဈေးရောင်းရတယ်။ အရင်နှစ်ကဆိုရင် ကျပ် ၆၇,၀၀၀ ဝန်းကျင်ပဲရှိတယ်" ဟု ပြောဆိုသည်။

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာ၊ ဝက်မစွတ်ကျေးရွာ၊ မန်မြေ ကျေးရွာ၊ ဘူးကျွန်းကျေးရွာ၊ ကျမ်းကိုင်ကျွန်း ကျေးရွာ၊ ပင်းဝကျေးရွာများ၌ စမုန်နက်နှမ်းကို အဝီစိတွင်းရေများဖြင့် စိုက်ပျိုးကြရာ အထွက်နှုန်းကောင်းခဲ့ကြောင်း သိရသည်။ ယခုအသစ်ပေါ်တဲ့ နှမ်းကို နွေနှမ်းလို့လည်းခေါ်ကြတယ်။ နွေမှာစိုက်တာမို့ ခေါ် ကြတာပါ။ အထွက်ကလည်း နှမ်းတစ်ဧကကို ရှစ်တင်းဝန်းကျင်ထွက်တယ်။ လက်ရှိပေါက်ဈေးအရ တစ်ဧကစိုက်ရင် ကျပ်ခြောက်သိန်းဝန်းကျင်ရပြီး ဧကများများ စိုက်သူတွေ ပိုပြီးတွက်ခြေကိုက်တယ်ဟု ရေနံချောင်းမြို့နယ်မှ တောင်သူဦးသိန်းသိန်းက ပြောဆိုသည်။ ပြည်ပဈေးကွက် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံများသို့ စမုန်နက်နှမ်းတင်ပို့ကြသည့်အပြင် ပြည်တွင်းစားသုံးသူဈေးကွက်နှင့် တိုင်းရင်းဆေး ပရဆေးကုန်ကြမ်းအဖြစ် တွင်ကျယ်စွာ ရောင်းဝယ်ကြ၍ သင်္ကြန်မတိုင်မီက နှမ်းတစ်တင်းလျှင် ကျပ် ၇၀၀၀၀ နီးပါးရှိရာ ယခုတစ်ပတ် စမုန်နက်နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြင့် ဈေးမြောက်နေကြောင်း နှမ်းဈေးကွက်မှသိရသည်။

**Source:** မြန်မာတိုင်းမ်နေ့စဉ်

https://myanmar.mmtimes.com/news/124698.html

## ဘဏ္ဍာနှစ် ရှစ်လအတွင်း အခွန်ကျပ်ဘီလီယံ ၄,၀၀၀ ကျော် ရရှိ

၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် ရှစ်လအတွင်း အခွန်ကောက်ခံခြင်းလုပ်ငန်း ၆၆ ရာခိုင်နှုန်းခန့် ပြီးစီး၍ အခွန်ရငွေ ကျပ်ဘီလီယံ ၄,၀၀၀ ကျော်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန စာရင်းများတွင် ဖော်ပြသည်။

၂၀၁၈ - ၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မေလအထိရှစ်လအတွင်း အခွန်ကောက်ခံရာတွင် ပုဂ္ဂလိကကဏ္ဍမှ ကျပ်ဘီလီယံ ၃,၃၀၀ ကျော်ရရှိကာ နိုင်ငံပိုင်ကဏ္ဍများမှ ကျပ်ဘီလီယံ ၇၈၀ ကျော် ရှိခဲ့သည်ဟု ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်သည်။

ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်လေးမျိုး ကောက်ခံရာတွင် ဝင်ငွေခွန်မှ ကျပ် ဘီလီယံ ၁,၆၇၀ ကျော်ဖြင့်

အများဆုံးကောက်ခံရရှိပြီး ဒုတိယမှာ ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ပြီး ကျပ် ဘီလီယံ ၁,၃၅၀ ရရှိခဲ့သည်။ အခြားအခွန် အမျိုးအစားဖြစ်သည့် အောင်ဘာလေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့မှ ကျပ်ဘီလီယံ ၁၀၀ အောက်သာ ရရှိထားသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် တစ်နှစ်လုံးတွင် အခွန်ကောက်ခံမှုသည် ကျပ် ၇,၅၇၆ ဘီလီယံရှိမည်ဟု ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ဖော်ပြထားသည်။

၂၀၁၈ကြားကာလ ဘဏ္ဍာနှစ် ခြောက်လအတွင်း အခွန်ကောက်ခံမှုသည် ကျပ်ဘီလီယံ၂,၆၀၀ ခန့်ရှိပြီး လျာထားချက်ထက် ၂၃ ရာခိုင်နှုန်းကျော် ပိုမိုကောက်ခံနိုင်ခဲ့သည်ဟု ပြည်တွင်းအခွန်များ ဦးစီးဌာနက ဆိုသည်။ ၂၀၁၈ကြားကာလ ဘဏ္ဍာနှစ်တွင် အခွန်ကောက်ခံရရှိမှု ကျပ် ဘီလီယံ ၂,၇၉၀ ကျော်ရှိမည်ဟု အစိုးရက ခန့်မှန်းခြင်း ဖြစ်သည်။

**Source:** http://www.7daydaily.com/story/159420

## အီးယူက ပဲတီစိမ်းတန်ချိန် တစ်သောင်းခွဲခန့် ဝယ်ယူပေးနေ

မြန်မာ့ပဲတီစိမ်းတန်ချိန် တစ်သောင်းခွဲခန့် အီးယူက နှစ်စဉ်ဝယ်ယူပေးလျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ အီးယူက မြန်မာ့ပဲတီစိမ်းကို ကြိုက်နှစ်သက်တယ်။ သူတို့ဆီမှာ ပဲပင်ပေါက် ဖောက်ပြီး စားသုံးတာဖြစ်တယ်။ ရန်ကုန်တိုင်းကထွက်တဲ့ ပဲတီစိမ်းကို ပိုကြိုက်နှစ်သက်တယ်။ ဒီပဲက တခြားနိုင်ငံတွေထက် ပိုပြီး အရည်အသွေးကောင်းလို့ ဖြစ်တယ်" ဟု အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ပဲတီစိမ်းကို တရုတ်သို့ ၆၀ ရာခိုင်နှုန်းခန့်၊ အင်ဒိုနီးရှားသို့ ၁၀ ရာခိုင်နှုန်း၊ ဗီယက်နမ်သို့ ငါးရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်သို့ သုံးရာခိုင်နှုန်း၊ ဖိလစ်ပိုင်သို့ သုံးရာခိုင်နှုန်း၊ ဂျပန်သို့ သုံးရာခိုင်နှုန်း၊ မလေးရှားသို့ နှစ်ရာခိုင်နှုန်း၊ အိန္ဒိယသို့ နှစ်ရာခိုင်နှုန်း အသီးသီး တင်ပို့သည်။ မြန်မာ့ပဲတီစိမ်းထွက်ရှိမှု ၆၀ ရာခိုင်နှုန်းကို တရုတ်ကဝယ်ယူပေးနေသလို အီးယူအပြင် တခြားဈေးကွက်ရှိ နိုင်ငံတွေကလည်း ဝယ်ယူပေးနေပါတယ်။ အညာဒေသထွက် ပဲတီစိမ်းရွှေဝါဆိုရင်လည်း တစ်တန်ကို ၁၃ သိန်းဝန်းကျင်လောက်အထိ ဖြစ်လာတယ်။

ပဲတီစိမ်းက နိုင်ငံတကာကို တင်ပို့နေတာဖြစ်လို့ ဈေးကွက်က ကောင်းနေပြီးသားပါဟု ဘုရင့်နောင်ရှိ ဝင်းပွဲရုံပိုင်ရှင် ဦးရဲမြင့်ကပြောသည်။လက်ရှိ ဈေးကွက်အတွင်း ပဲတီစိမ်း လက်ကျန် တန်ချိန် တစ်သောင်းခွဲခန့်သာရှိနေကြောင်း၊ အီးယူက ပြည်ပနိုင်ငံများမှ ဝယ်ယူသည့် ပဲတီစိမ်းများ၏ ၉၀ရာခိုင်နှုန်းခန့်သည် မြန်မာနိုင်ငံကဖြစ်ကြောင်း၊ ထို့ကြောင့် ပဲတီစိမ်းအရည်အသွေးထိန်းထားနိုင်ရန် လိုအပ်ကြောင်း ပြောသည်။ လက်ရှိ ဈေးကွက်အတွင်း ပဲတီစိမ်း (ရွှေဝါ) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၈၀၀ မှ ဒေါ်လာ ၁၉၂၀၊ (ခရမ်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၂၁၀၀၊ အညာရွှေဝါ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၆၆၅ မှ ဒေါ်လာ ၁၂၀၀ကြား အသီးသီးရှိနေသည်။

ပဲတီစိမ်းသည် ကမ္ဘာ့ ဈေးကွက်လိုအပ်ချက်မြင့်မားနေ၍ ဈေးကွက်အလားအလာရှိသော သီးနှံလည်းဖြစ်သည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်းတန်ချိန် ၃၃၀၀၀၀ ကျော် ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၀၀၀၀၀ကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၅၀၀၀၀ ကျော် တင်ပို့ခဲ့သည်။ ပဲတီစိမ်းကို မိုးနှင့်ဆောင်းပဲရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ဧရာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် စိုက်ပျိုးလျက်ရှိသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

**www.bit.ly/fbhtwettoe**, **http://download.htwettoe.com**, **http://bit.ly/agriguides**

## ဖွန်လအတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များမှ ဒေါ်လာ ၁၀ သန်း ဝယ်ယူ

ယခုလအတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ကန်ဒေါ်လာ ၁၀ သန်းကိုဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူသည်။ ဗဟိုဘဏ်တွင် နိုင်ငံခြားအရန်ငွေဒေါ်လာ လိုအပ်ချက်ရှိခြင်းကြောင့် ယင်းသို့ဝယ်ယူခြင်းဖြစ်နိုင်ကြောင်း ဘဏ်လုပ်ငန်း ကျွမ်းကျင်သူအချို့က ခန့်မှန်းသည်။ ပြည်တွင်း၌ ဒေါ်လာတန်ဖိုး အတက်၊ အကျ အနည်းငယ်ဖြင့် ပုံမှန်အခြေအနေ ရှိနေချိန်တွင် ဗဟိုဘဏ်က ဈေးကွက်ပေါက်ဈေးနီးပါးဖြင့် ဒေါ်လာဝယ်ယူနေခြင်းက နိုင်ငံခြားအရန်ငွေလိုအပ်ချက်ကို ဖြည့်ဆည်းလိုခြင်း ကြောင့် ဖြစ်နိုင်သည်ဟု နေပြည်တော်စည်ပင်ဘဏ်ဥက္ကဋ္ဌ ဦးရဲမင်းဦးက ပြောသည်။

အခုတစ်ခါ ဗဟိုဘဏ်ဝယ်တဲ့ပုံစံက လိုအပ်ချက်အတွက် ပုံမှန်ဝယ်တဲ့ပုံစံမျိုးပါပဲ။ ဈေးကွက်ကို လှုပ်လှုပ်ရှားရှားဖြစ် အောင် သူဝင်မလုပ်သေးပါဘူးဟု ဦးရဲမင်းဦးကပြောသည်။ ဗဟိုဘဏ်က ၂၀၁၈ နှစ် ကုန်ပိုင်းတွင် ပုဂ္ဂလိကဘဏ်များထံမှ

ဒေါ်လာကို ဈေးကွက်ပေါက်ဈေးထက်ပိုပေးပြီး ဝယ်ယူခြင်းကြောင့် စီးပွားရေးလောကအတွင်း ဝေဖန်မှုများရှိခဲ့သည်။ ထို့ကြောင့် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာဝယ်ယူခြင်းကို စီးပွားရေးလုပ်ငန်းရှင်အချို့က စောင့်ကြည့်နေသည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲနှင့်ဆက်စပ်ပြီး ဒေါ်လာနှင့် ယွမ်ငွေတန်ဖိုးကျဆင်းမှုကို နိုင်ငံတကာတွင် ကြုံတွေ့နေရသည်။ ထို့ကြောင့် နိုင်ငံတကာငွေကြေးဈေးကွက်၌ ရွှေဈေးမြင့်တက်ပြီး ဒေါ်လာတန်ဖိုးကျဆင်းနေသည်။

သို့သော် ပြည်တွင်းငွေကြေး ဈေးကွက်တွင် ဖွန်လအတွင်း ဒေါ် လာတန်ဖိုး ၁,၅၃၅ ကျပ်အထိ မြင့်တက်ပြီး ဖွန်လ ၂၄ ရက်တွင် ကျပ် ၁,၅၂၀ ခန့်ဖြင့် ဈေးတည် ငြိမ်နေသည်။ သို့သော် ပြည်တွင်းရွှေဈေး နှုန်းက စံချိန်တင်မြင့်တက်ပြီး ဖွန် လ ၂၄ ရက်တွင် အခေါက်ရွှေတစ် ကျပ်သားလျှင် ကျပ် ၁၁ သိန်း ကျော်ဈေးရှိသည်။

**Source:** http://www.7daydaily.com/story/159423

## မြန်မာနိုင်ငံ၌ တိုယိုတာမော်တော်ကားကုမ္ပဏီက ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ပြီးနောက်ပိုင်း သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် ဂျပန်ကုမ္ပဏီအများအပြားရှိလာကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးပြောကြား



မြန်မာနိုင်ငံတွင် တိုယိုတာမော်တော်ကားကုမ္ပဏီ ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ပြီးနောက်ပိုင်း သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသည့် ဂျပန်ကုမ္ပဏီ အများအပြားရှိလာကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr Ichiro Maruyama က ပြောကြားသည်။ မြန်မာနိုင်ငံရှိ သီလဝါ အထူးစီးပွားရေးဇုန်မှာ အောင်မြင်နေသည့် စီးပွားရေးဇုန်တစ်ခုဖြစ်ပြီး တိုယိုတာ မော်တော်ကားကုမ္ပဏီက အဆိုပါသီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ခဲ့ပြီးနောက်ပိုင်း သီလဝါတွင်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသည့်ဂျပန်ကုမ္ပဏီအများအပြားရှိလာကြောင်း မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး H.E Mr Ichiro Maruyama က ပြောကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်က အင်မတန်အောင်မြင်နေတဲ့ စီးပွားရေးဇုန်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အခုတိုယိုတာ မော်တော်ကားကုမ္ပဏီက သီလဝါအထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံဖို့ ဆုံးဖြတ်ပြီးပြီ။ နောက်ထပ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားတဲ့ ဂျပန်ကုမ္ပဏီတွေအများအပြားရှိနေပါတယ်ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr Ichiro Maruyama က ဖွန် ၂၂ရက်က The Daily Eleven သတင်းစာ၏ မေးမြန်းမှုအား ဖြေကြား ခဲ့သည်။ တိုယိုတာက ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံကာ သီလဝါအထူးစီးပွားရေးဇုန်၌ စက်ရုံတည်ဆောက်ပြီး ၂၀၂၁ ခုနှစ်မှ စတင်ကာ တစ်နှစ်လျှင် Toyota Hilux အစီးရေ ၂၅၀၀ အား SKD စနစ်ဖြင့် တပ်ဆင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုယိုတာမော်တော်ကော်ပိုရေးရှင်းမှ မေ ၃၀ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှတစ်ဆင့် သတင်းထုတ်ပြန်ခဲ့သည်။ တိုယိုတာမော်တော်ကော်ပိုရေးရှင်း (တိုယိုတာ)အနေဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်းဖြစ်သည့် တိုယိုတာမြန်မာကုမ္ပဏီလီမိတက် (Toyota Myanmar Co.,Ltd TMY ) ကို ဖွဲ့စည်းတည်ထောင်ကာ ပြည်တွင်း၌ Toyota Hilux အမျိုးအစားမော်တော်ယာဉ်များအား တပ်ဆင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပြည်တွင်းဈေးကွက်အတွင်း မော်တော်ယာဉ်အသစ်ဝယ်လိုအားမှာ မကြာသေးမီနှစ်များအတွင်း တစ်ဟုန်ထိုး တိုးတက်မြင့်မားလျက်ရှိသည်။ (၂၀၁၈ ခုနှစ် ဈေးကွက် အချက်အလက်များအရ စီးရေ ၁၈၀၀၀ ခန့်ရှိပြီး ယင်းမှာ လွန်ခဲ့သောနှစ်ကာလကထက် ၂ ဒသမ ၁ ဆကျော်ရှိသည်)။ တိုယိုတာအနေဖြင့် ယခုလက်ရှိ Toyota Hilux ,Vios, Rush နှင့် အခြားအမျိုးအစားယာဉ်များ တင်သွင်းရောင်းချလျက်ရှိကာ ၂၀၁၉ ခုနှစ် ဖွန်လ၊

တိုယိုတာမြန်မာ (TMY) ကို တည်ထောင်ပြီး ပြည်တွင်းဝယ်ယူအားပေးကြသည့် စားသုံးသူများ တိုယိုတာ မော်တော်ယာဉ်များအား ယုံကြည်စိတ်ချစွာ ရွေးချယ်နိုင်ခွင့်ရစေရန်အတွက် လုပ်ငန်းများတိုး ချဲ့ဆောင်ရွက်မည်ဟု ရည်ရွယ်ထားကြောင်း သိရသည်။

တိုယိုတာမြန်မာ (TMY) စက်ရုံအား ရန်ကုန်မြို့တောင်ဘက်ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ လုပ်သားအင်အား ၁၃၀ ခန့်ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်သည့်အချိန်မှစ၍ တစ်နှစ်လျှင် Toyota Hilux အစီးရေ ၂၅၀၀ အား SKD(Semi Knock Down) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ တိုယိုတာမြန်မာ (TMY) တွင် အစုရှယ်ယာပါဝင်မှုအနေဖြင့် Toyota Motor Corporation မှ ၈၅ ရာခိုင်နှုန်း၊ Toyota Tsusho Corporation မှ ၁၅ ရာခိုင်နှုန်း ပါဝင်ထားကြောင်း သိရသည်။ ရန်ကုန်မြို့ရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် ဆူဇူကီး မော်တော်ကားကုမ္ပဏီမှ မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံအား လာရောက်ရင်းနှီးမြှုပ်နှံထားပြီး ကားသစ်များကို ၂၀၁၈ ဇန်နဝါရီတွင် စတင်ထုတ်လုပ်ခဲ့ပြီး လက်ရှိတွင် တောင်ဒဂုံစက်မှုဇုန်နှင့် သီလဝါစက်မှုဇုန်ရှိ မော်တော်ယာဉ်စက်ရုံတို့ မှ ၂၀၁၈ ခုနှစ်အတွင်း မော်တော်ယာဉ်အစီးရေ ၁၁၆၉၁ စီး ထုတ်လုပ် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/119093

## တစ်ပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၂ ခု ခွင့်ပြု

တစ်ပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်းနှစ်ခု၊ အတည်ပြုလုပ်ငန်း ၁၀ခု စုစုပေါင်း ၁၂ ခု ခွင့်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) ကို ၂၀၁၉ ဇွန်လ၁၄ ရက်နေ့ က ရန်ကုန်မြို့၊ သစ္စာလမ်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးမှာ ပြုလုပ်ပါတယ်။ တစ်ပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၂ခုခွင့်ပြုခဲ့ရာမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်း နှစ်ခုနဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း ၁၀ ခု ခွင့်ပြုခဲ့တဲ့အတွက် အခုအစည်းအဝေး ကာလအတွင်း စုစုပေါင်းလုပ်ငန်း ၁၂ ခုကနေပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၆ .၇၈၃ သန်း ကို ခွင့်ပြု၊ အတည်ပြုပေးခဲ့ပါတယ်။ ဒီလုပ်ငန်းတွေက ပြည်တွင်းလုပ်သားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း ၅၉၄၆ ဦးကို ဖန်တီးပေးမှာဖြစ်ပါတယ်။ ခွင့်ပြု၊ အတည်ပြုလုပ်ငန်း ၁၂ ခုဟာ စက်မှုကဏ္ဍတွေပဲဖြစ်တယ်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်နေ့ကနေ ဇွန်လ ၁၄ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြု/ အတည်ပြုပေးခဲ့မှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈၁ ခု၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၇၉၃ .၉၄၁ သန်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂၅၆၂ .၁၅၈ သန်းဖြစ်ပါ တယ်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက် နေ့ကနေ ဇွန် ၁၄ ရက်နေ့ အထိ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီးရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၁ .၉၂၇ သန်း ဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၉) အပါအဝင် တစ်ပတ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု အတည်ပြုလုပ်ငန်းခြောက်ခုခွင့်ပြုခဲ့ပါတယ်။ ဒီလုပ်ငန်းတွေအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က အတည်ပြုလုပ်ငန်းလေးခု၊ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အတည်ပြုလုပ်ငန်းတစ်ခုနဲ့ ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အတည်ပြုလုပ်ငန်းတစ်ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇.၉၇၀ သန်း အပါအဝင် ကျပ် ၁၉၇၁၉.၆၈၀ သန်း ခွင့်ပြုပေးခဲ့ပါတယ်။ အဲသည်လုပ်ငန်းမှာ ပြည်တွင်းလုပ်သားတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၆၀ ဦးကို ဖန်တီးပေးမှာဖြစ်တယ်။ ခွင့်ပြု/ အတည်ပြုလုပ်ငန်းခြောက်ခုဟာ စက်မှုကဏ္ဍ တစ်ခု၊ ဟိုတယ်ကဏ္ဍသုံးခုနဲ့ အခြားကဏ္ဍနှစ်ခု ဖြစ်ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်ကနေ ဇွန်လ ၁၄ ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုဟာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁၃ခု၊ အမေရိကန်ဒေါ်လာ ၃၀၉.၂၃၀ သန်း အပါအဝင် ကျပ် ၈၄၁၂၈၂.၉၆၆ သန်းဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏဟာ အမေရိကန် ဒေါ်လာ ၃၇၅ .၃၆၈ သန်း အပါအဝင် ကျပ် ၁၀၅၉၀၂၉ .၇၇၅ သန်းဖြစ်ပါတယ်။

Source: https://www.kumudranews.com/news-34035

## ငါးမဖမ်းရကာလ ထားဝယ်ဈေးကွက်တွင် ထိုင်းငါးရောင်းချ

ငါးမဖမ်းရကာလ သတ်မှတ်ထားသည့်အချိန်တွင် အိမ်နီးချင်းထိုင်းနိုင်ငံမှငါးများ ထီးခီးနယ်စပ်ဂိတ်မှတစ်ဆင့် ထားဝယ်ဈေးကွက်အတွင်း ဝင်ရောက်ရောင်းချနေခြင်းများရှိကြောင်း ထားဝယ်မြို့ ကမ်းနားဈေးရှိ ငါးဒိုင်တချို့ထံမှ သိရသည်။ ယခုနှစ် ငါးမဖမ်းရကာလကို ငါးသားပေါက်ရာသီဖြစ်သည့် ဇွန်မှ ဩဂုတ်အထိ သုံးလသတ်မှတ်ထားပြီး ယင်းကာလအတွင်း ကမ်းဝေးငါးဖမ်းလှေများကို ငါးဖမ်းခွင့်ပိတ်ထားသည်။

ယင်းကဲ့သို့ ငါးမဖမ်းရကာလအတွင်း နေ့ချင်းပြန်ကမ်းနီးလှေများသာ ငါးဖမ်းဆီးနေပြီး ယင်းလှေများမှ ငါးများသည် ထားဝယ်ဈေးကွက်အတွင်း စားသုံးရန်လုံလောက်မှုမရှိကြောင်း အထက်ပါငါးဒိုင်တချို့ထံမှသိရသည်။ ယင်းအတွက်ကြောင့် ထီးခီးနယ်စပ်မှ ကုန်ပစ္စည်းတင်သွင်းနေသူ ဒေသခံအချို့က ထိုင်းနိုင်ငံမှ မွေးမြူရေးငါးများ၊ နိုင်ငံခြားတင်ပို့ရန် သိမ်းထားသည့်ငါးများကို ထားဝယ်မြို့ရှိ ငါးဒိုင်တချို့ကို ကော်မရှင်ခပေးပြီး ရောင်းချခိုင်းနေကြကြောင်း ထားဝယ်မြို့ရှိ ငါးဒိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ထားဝယ်မှာ ငါးထွက်များနေတဲ့အချိန်ဆိုရင်တော့ ဟို (ထိုင်းနိုင်ငံ)ဘက်ခြမ်းကငါးတွေ ထားဝယ်ဘက်မလာဘူး။ ဒီမှာ ငါးနည်းနည်းပါးချိန်၊ ငါးဈေးနည်းနည်းမြင့်ပြီဆို ဈေးကိုက်ရင်လာရောင်းကြတယ်ဟု ၄င်းကပြောသည်။ ယင်းအပြင် ရန်ကုန်မြို့မှ ငါးများကိုလည်း ထားဝယ်ဈေးကွက်အတွင်း ရောင်းချနေရကြောင်း ၄င်းငါးဒိုင်ပိုင်ရှင်ကပြောသည်။ လက်ရှိ ငါးဈေးမှာ ငါးမဖမ်းရကာလ မသတ်မှတ်ခင်ကထက် နှစ်ဆနီးပါး ဈေးမြင့်တက်နေကြောင်း ထားဝယ်မြို့ စည်ပင်သာယာဈေးကြီးတွင် ငါးရောင်းချနေသူတချို့ကပြောသည်။

Source: http://www.uniondaily.net/News/DetailView.aspx?id=131314&path=LocalNews.aspx

## တရုတ်ကုမ္ပဏီက မြန်မာပြည်မှာ သံမဏိစက်ရုံတည်ဆောက်မည်

တရုတ်နိုင်ငံပိုင် ကုမ္ပဏီသံမဏိလုပ်ငန်းက မြန်မာနိုင်ငံထဲမှာ တစ်နှစ်ကို တန်ချိန်လေးသန်းထွက်မယ့် စက်ရုံတည်ဆောက်ဖို့ သဘောတူညီချက်ရထားပြီလို့ ဒီကနေ့ထုတ် ဒေသတွင်းသတင်းတပုဒ်မှာ ဖော်ပြထားပါတယ်။ စက်ရုံဆောက်ပြီးတဲ့အခါ မြန်မာနိုင်ငံမှာ ကုန်ကြမ်းကနေကုန်ချောအထိ တနေရာထဲမှာ အပြီးထုတ်လုပ်နိုင်မယ့် ပထမဦးဆုံးသော သံမဏိလုပ်ငန်းဖြစ်လာမှာပါ။ ယူနန်ပြည်နယ်အခြေစိုက် ကုမ္ပဏီသံမဏိလုပ်ငန်းဟာ သွင်းကုန်အားပြုနေရတဲ့ မြန်မာနိုင်ငံရဲ့ သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ရည်ရွယ်နဲ့ တနှစ်ကို တန်ချိန် နှစ်သန်းထွက်မယ့် လျှပ်စစ်သံရည်ကြိုစက်ရုံနှစ်ရုံ တည်ဆောက်မယ်လို့ဆိုပါတယ်။ ဒါဟာ တရုတ်ရဲ့ အရှေ့တောင်အာရှဒေသအတွင်းက Belt and Road စီမံကိန်းရဲ့ အစိတ်အပိုင်းတခုဖြစ်သလို ယူနန်ပြည်နယ်နဲ့ အရှေ့တောင်အာရှဒေသအတွင်း ချိတ်ဆက်မှုကို တိုးမြှင့်ဖို့ အားထုတ်မှုတခုလည်း ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်ကစပြီး မြန်မာနိုင်ငံကို နှစ်စဉ် သံမဏိတန်ချိန် နှစ်သန်းကနေ သုံးသန်းနီးပါး တင်သွင်းနေရပါတယ်။ အရှေ့တောင်အာရှ သံနဲ့သံမဏိ အင်စတီကျူရဲ့အဆိုအရ မြန်မာနိုင်ငံရဲ့ သံမဏိလိုအပ်မှုဟာ တိုးပွားလာတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကြောင့် ၂၀၂၀ ခုနှစ်မှာ တန်ချိန် သုံးသန်းနဲ့ ၂၀၂၅ ခုနှစ်မှာ တန်ချိန် ၅ သန်း ရှိလာလိမ့်မယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံဟာ တနှစ်ကို သံမဏိတန်ချိန် ၁ သန်းအောက်သာ ထုတ်လုပ်နိုင်ပါတယ်။

Source: https://www.facebook.com/rfaburmese/

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,500 | 12,500 | 12,000 | 2,640 | 32,660,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 3,804 | 13,123,800 | 38,929,150 | 134,306 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | -500 | -2.04% | 24,000 | 24,000 | 24,000 | 262 | 6,288,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,000 | -50 | -1.64% | 3,000 | 3,000 | 3,000 | 10,740 | 32,220,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 467.17 | -1.35 | -0.29% | 478.00 | 478.00 | 467.17 | 17,446 | 84,291,800 | 5 | 637,795 |

### Index chart




## Market Overview

As of 1:00 pm, 25th Jun. 2019

| MYANPIX | 467.17 ▼1.35 |
|---|---|
| Total Volume (shares) | 17,446 |
| Total Value (MMK) | 84 mil |
| Listed Company | 5 |
| Market Cap. (MMK) | 637,795 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 3,450 | ▲0 |
| MCB | 00003 | 7,900 | ▲0 |
| FPB | 00004 | 24,000 | ▼500 |
| TMH | 00005 | 3,000 | ▼50 |